Food and Agriculture Organization of the United Nations

# ကြက်ဟင်းခါးသီး စိုက်ပျိုးခြင်း



© Dreamstime



## မြေပြင်ခြင်း



**ဟင်းသီးဟင်းရွက်များကို ဘောင်စနစ်ဖြင့် စိုက်ပျိုးပါ**

- စိုက်ခင်းမြေကို ရေမဝပ်စေရန်၊ ရေသွင်း၊ ရေထုတ် လွယ်ကူကောင်းမွန်ရန် ပြင်ဆင်ပါ။
- မိုးတွင်ရာသီ ရေဝပ်နိုင်ပါက မိမိတို့ မြေနေရာ အပေါ်မူတည်၍ အမြင့် (ဖလက်မ – ၁ပေ)အထိ ဘောင်ဖြင့် စိုက်ပျိုးနိုင်ပါသည်။

## စိုက်ပျိုးခြင်း

- တိုက်ရိုက် အစေ့ချ စိုက်ပျိုးနိုင်သည်။
- တစ်ပေ–တစ်ပေခွဲအကျယ် ကျဉ်းတူး၍ တစ်ကျင်းလျှင် (၂–၃) စေ့ အစေ့ချ စိုက်ပျိုးပါ။
- ပင်ကြား တန်းကြားအကွာအဝေးမှာ တစ်ပေခွဲ x ၄–၅ ပေ စိုက်ပါ။
- အရွက် ၄ ရွက် ထွက်ချိန်တွင် အသန်မာဆုံး တစ်ပင် ချန်၍ မှုံးပေးပါ။



**ပုံပါ ဘောင်အတိုင်းအတာဖြင့် စိုက်ပျိုးပါ**

# မြေဩဇာ အသုံးပြုခြင်း




မြေဩဇာ အသုံးပြုခြင်း

- သဘာဝ မြေဩဇာ၊ မြေဆွေး နှင့် ကွန်ပေါင်း မြေဩ ဇာများကို ကျင်းတူးထားသော အပေါ်ယံ မြေကြီး များဖြင့် ရောစပ်အသုံးပြုပါ။
- မြေခံအဖြစ် စိုက်ကျင်း တစ်ကျင်းလျှင် ကွန်ပေါင်း မြေဩဇာ မြင်ကျားဇွန်း (၁–၂) ဇွန်အသုံးပြုပါ။
- ထို့ပြင် ယူရီးယားမြေဩဇာကို စိုက်ကျင်း တစ်ကျင်းလျှင် မြင်ကျားဇွန်း ဇွန်းတစ်ဝက်ခန့်

၁။ အပင်မှုံးပြီးချိန်တွင် တစ်ကြိမ်၊
၂။ နှစ်ပတ်ခြားပြီး နောက်တစ်ကြိမ်
၃။နှစ်ပတ်ခြားပြီး နောက်တစ်ကြိမ်
(၃) ကြိမ်အသုံးပြုပါ။



မြေဆွေးအသုံးပြု၍ မြေဆီလွှာကို ပြုပြင်ခြင်း

## ရေသွင်း/ထုတ် စီမံခြင်း

- မျိုးစေ့ချပြီးပြီးချင်း ရေခပ်ပါးပါး လောင်းပေးသင့်သည်။
- မိုးတွင်းရာသီ၌ ရေအမြဲလောင်းပေးရန် မလိုသော်လည်း အပင်လိုအပ်ချက် ပေါ်မူတည်၍ စိုက်ခင်း မြေ စိုစွတ်နေရန် ဆောင်ရွက်ပါ။



**မျိုးစေ့ချပြီးပြီးချင်း ရေခပ်ပါးပါး လောင်းပေးပါ။**

## ပေါင်းသင်ခြင်း

- စိုက်ခင်းမြေသည် ပေါင်းကင်းစင်ရန် လိုအပ်ပါသည်။
- ပေါင်းနှိမ်နင်းရန် အပင်ငယ်စဉ်တွင် (၂-၃) ကြိမ် ပေါင်းသင် မြေဆွပေးရန် လိုအပ်ပါသည်။

## အပင်ပြုစုခြင်း

- အပင်စတင်နွယ်တက်လာချိန်တွင် ဝါးတိုင်ထောင်ပေးရမည်။ သို့မှသာ ပုပ်အသီးပုပ်ခြင်း မရှိသည့် အပြင် ကြီးထွားမှုမြန်ပြီး ခူးဆွတ်ရန် ပိုမို လွယ်ကူပါသည်။
- အသီးမသီးသော ဘေးတက်၊ ကြားတက်များကို ဖြတ်ပေးပါ။
- အသီးကင်းဂင်စ ၄-၅ ရက်မှ စ၍ အသီးဖျားတွင် ခဲလုံး (သို့) အလေးတစ်ခုခု ချိတ်ဆွဲပေးခြင်းဖြင့် အသီးအားကောင်းသလို အသီးဖြောင့်စေပါသည်။




## ရိတ်သိမ်းခြင်း

- ကြက်ဟင်းခါးသီးကို  မရင့်မီ လိုချင်သော အရွယ် ပေါ်မူတည်၍ ခူးဆွတ်နိုင်သည်။
- ပုံမှန်အားဖြင့် မျိုးစေ့ချပြီး ၉၀ ရက်အတွင်း ခူးဆွတ်နိုင်သည်။



ဝေဖန်အကြံပြုချက်များရှိပါက   တနင်္လာ မှ
သောကြာ (ရုံးချိန်းအတွင်း)
အောက်ပါဖုန်းနံပါတ်များသို့
ဆက်သွယ်နိုင်ပါသည်။

"ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်
စိုက်ပျိုးရေးအဖွဲ့"


ဒေါ်နုနုလွင်၊ ဖုန်း ၀၉ ၈၉၃ ၈၉၀ ၃၀၈
ဦးအောင်သိန်း ၊ ဖုန်း ၀၉၈၉၄၄၉၄၀၉၁
ဦးအောင်ကိုဝင်း၊ ဖုန်း ၀၉၈၉၄၄၉၄၀၉၀

MM-AAP-Feedback@fao.org


ကုလသမဂ္ဂ စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့မှ
ပြန်လည် ဖြေကြားပေးပါမည်။

ပုံများကို FAO မှ ရေးဆွဲသည်။


Some rights reserved. This work is available
under a CC BY-NC-SA 3.0 IGO licence

© FAO, 2024


CD1084MY/1/06.24